# အင်တာနေရှင်နယ်

ထလော့ … အငတ်ဘေးကျရောက် သူတို့တတွေ
ထလော့ … ကမ္ဘာ့တဝှမ်းက ကျေးကျွန်တွေ
တော်လှန်ကာ ထစ်ချုန်းမည် ကြွေးကြော်လို့နေ
နောက်ဆုံးပိတ်တိုက်ပွဲ နွှဲဆင်မလေ။
ရှေးရိုးအစဉ်အလာ အယူအဆစွဲတွေ စွန့်လေ
ကျေးကျွန်တွေ၊ ထလေ၊ ထကြလေ၊
အခြေအနေတွေ တို့တော်လှန်ကာသာ ပြောင်းမလေ
အောင်မြင်ဖို့ရာ ရှင်းပစ်စို့လေ။

<u>သံပြိုင်</u> – ရဲဘော်တို့လာ၊ စုရုံးနေ
အဆုံးစစ်ပွဲ၊ နွှဲမယ်လေ
အင်တာနေရှင်နယ် ကမ္ဘာမှာ အကုန်ညီစေ။
ရဲဘော်တို့လာ၊ စုရုံးနေ
အဆုံးစစ်ပွဲနွှဲမယ်လေ
အင်တာနေရှင်နယ် စည်းရုံးစုစည်းကာနေ။

ကယ်တင်ရှင်၊ ဘယ်သောခါကမှ မရှိပေ
နတ်သိကြားနဲ့မင်းဘုရားတို့မယုံပေ
နှောင်ကြိုးကို တို့လက်ရုံးဖြင့် ချိုးဖျက်မလေ
သောက ဗျာပါဒ၊ လောဘကင်းစင်စေ။
လုယက်ခြင်းမှ မှန်မလွဲပင်ကင်းမလေ
များပြည်သူ တူညီပျော်မြူးကြစေ
အားလုံးက တာဝန်ကိုယ်စီထမ်းမလေ
သံပူခိုက်ဝယ် အားစိုက်ထုနှက်ဟော။

<u>သံပြိုင်–</u>

လယ်သမား၊ လုပ်အားစိုက်ထုတ်သူ အပေါင်းတွေ
ပစ္စည်းမဲ့များနဲ့ ပေါင်းစည်းဟော
ညီရင်း ပမာ၊ အဓိဋ္ဌာန် သစ္စာပြုစို့ဟော
သွေးစုပ်ကောင်တွေ မောင်းထုတ်ဟော။
တို့ရဲ့သွေးသား၊ သူတို့ဝါးမြိုစားသလေ
နှစ်ကာလ ရှည်ကြာခံခဲ့ရပေ။
ကြောက်လန့်စိတ် အကုန်အစင်စွန့်လေ
အရဏ်ကျင်းကာ အလင်းသို့ရောက်ပြီဟော။

<u>သံပြိုင်–</u>